# မှတ်ပုံတင်လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (CR-4)

**မူပိုင်ခွင့်ဦးစီးဌာန**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## မှတ်ပုံတင်လျှောက်ထားချက်ကိုရုပ်သိမ်းပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (CR-4)

**လျှောက်ထားသူသည် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ဆုံးဖြတ်ချက်မချမှတ်မီ ဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီ ဖြစ်စေ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်လွှာပုံစံ (CR-4) ကို ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားရမည်။**

**လျှောက်ထားချက်နံပါတ်**

၁။ မှတ်ပုံတင်စတင်လျှောက်ထားစဉ်က ရရှိခဲ့သည့် လျှောက်ထားချက်နံပါတ်ကို ဖြည့်စွက်ရမည်ဖြစ်သည်-

ဥပမာ-***CR-1/2023-000001***

**လျှောက်ထားသူ**

၂။ (က) လျှောက်ထားသူအမျိုးအစားအား ရွေးချယ်၍ သက်ဆိုင်ရာ ☐ အကွက်တွင် အမှတ်အသား (✓) ပြရမည်။

လျှောက်ထားသူတစ်ဦးထက်ပိုပါက ☐ အကွက်တွင် အမှတ်အသား (✓) ပြ၍ နောက်ထပ် စာရွက်တွင် ပူးတွဲလျှောက်ထားသူများ၏ အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ကာ A4 စာရွက်ဖြင့် ပူးတွဲတင်ပြရမည်။

ဥပမာ-

လျှောက်ထားသူအမျိုးအစားမှာ-

စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်ဖြစ်လျှင်- ☑ **စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်**

(ခ) လျှောက်ထားချက်နံပါတ်ပါ လျှောက်ထားသူ၏အမည်ကို ဖော်ပြရမည်-

(၁) အမည်

ဥပမာ- ***ဦးဖြူ***

အခြားအမည် (ရှိလျှင်)- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ- ***မောင်မောင်(ပျဉ်းမနား)***

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၉/ပမန(နိုင်)၁၂၃၄၅၆***

(၃) နိုင်ငံသား

ဥပမာ- ***မြန်မာနိုင်ငံသား***

(၄) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ- ***မြန်မာနိုင်ငံ***

(၅) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ- ***အမှတ်(၅၄)၊ ရတနာလမ်း၊ ဗလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(၆) နိုင်ငံ

ဥပမာ- ***မြန်မာနိုင်ငံ။***

(၇) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ- ***0673430597***

***uphyu2023@gmail.com***

**နိုင်ငံခြားသားဖြစ်လျှင်-**

(၁) အမည်

ဥပမာ- ***Mr. Sam Ji Khan***

အခြားအမည် (ရှိလျှင်)- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ- ***Khan***

(၂) နိုင်ငံကူးလက်မှတ်အမှတ်

ဥပမာ- ***H 123456***

(၃) နိုင်ငံသား

ဥပမာ-***India***

(၄) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ-***India။***

(၅) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ- ***Main Street, Mumbai, India။***

(၆) နိုင်ငံ

ဥပမာ- ***India။***

(၇) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ- ***+91223456789***

***samji@gmail.com***

(ခ) လျှောက်ထားသူသည် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း(ကုမ္ပဏီ) အမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင်-

(၁) အဖွဲ့အစည်း(ကုမ္ပဏီ)အမည်အပြည့်အစုံ

ဥပမာ- ***Orange ကုမ္ပဏီလီမိတက်***

(၂) အဖွဲ့အစည်း(ကုမ္ပဏီ)မှတ်ပုံတင်အမှတ်

ဥပမာ- ***202312345678***

(၃) အဖွဲ့အစည်း(ကုမ္ပဏီ)အမျိုးအစား

ဥပမာ- ***ပုဂ္ဂလိကပိုင်ကုမ္ပဏီလီမိတက် (Private Company Ltd)***

***ကော်ပိုရေးရှင်း (Corporation)/ အသင်းအဖွဲ့ (Association)***

**မှတ်ချက်။ ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် အသင်းအဖွဲ့/ အဖွဲ့အစည်း/ လုပ်ငန်း စသော အမျိုးအစားအမည်များ ဖော်ပြရမည်။**

(၄) နိုင်ငံ

အဖွဲ့အစည်း(ကုမ္ပဏီ)တည်ရှိရာ နိုင်ငံအမည်ကို ဖော်ပြရမည်-

ဥပမာ- *မြန်မာနိုင်ငံ*

(၅) လိပ်စာအပြည့်အစုံ

အဖွဲ့အစည်း (ကုမ္ပဏီ)တည်ရှိရာ လိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်-

ဥပမာ- ***အမှတ် (၇)၊ သစ္စာလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(၆) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ- ***0673430597***

***orange111@gmail.com***

**ကိုယ်စားလှယ်**

၃။ (က) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေ ၂ နည်းဥပဒေခွဲ (ဃ) နှင့်အညီ မြန်မာနိုင်ငံသားကိုသာ ကိုယ်စားလှယ်လွှဲအပ်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရမည်-

(၁) အမည်

ဥပမာ- ***ဦးကျော်ကျော်***

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၇/ပခန(နိုင်)၁၂၃၄၅၆***

(၃) ကိုယ်စားလှယ်၏ လိပ်စာအပြည့်အစုံ (လုပ်ငန်းဆောင်ရွက်သည့်လိပ်စာ)ကို ဖော်ပြရမည်-

ဥပမာ- ***အမှတ်(၁၂၃)၊ ရတနာလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။***

(၄) တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ

ဥပမာ- ***09-123456789***

***kyawkyaw@gmail.com***

(ခ) ကိုယ်စားလှယ်လွှဲအပ်ရာတွင် လျှောက်ထားချက်တစ်ခုအတွက် ကိုယ်စားလှယ်တစ်ဦးသာ လွှဲအပ်ရမည်။ ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်လျှင် ကိုယ်စားလှယ်လွှဲစာ (CR-10) ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် နိုင်ငံတော်အတွင်းနေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူကို ကိုယ်စားလှယ်အဖြစ် လွှဲအပ်၍ ဆောင်ရွက်ရမည်။ ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်းတည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူကို ပူးတွဲတင်ပြရမည်။

**ရုပ်သိမ်းလိုသည့် အကျိုးအကြောင်းဖော်ပြချက်**

၄။ ရုပ်သိမ်းလိုသည့် အကျိုးအကြောင်းဖော်ပြချက်အား လျှောက်လွှာပုံစံ (CR-4) ၏ နံပါတ် ၄ အကွက်တွင် တိကျစွာ ဖြည့်စွက်ဖော်ပြရမည်-

ဥပမာ- ***စာပေ သို့မဟုတ် အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားခြင်းအား ဆက်လက်လျှောက်ထားလိုခြင်းမရှိပါသဖြင့် ရုပ်သိမ်းခြင်း ဖြစ်ပါသည်။***

လျှောက်လွှာပုံစံ (CR-4) ၏ နံပါတ်စဉ် ၄ အကွက်၌ ရုပ်သိမ်းလိုသည့် အကျိုးအကြောင်းဖော်ပြချက်များအား ဖော်ပြရန် နေရာမလုံလောက်ပါက အပိုစာရွက်ဖြင့် ပူးတွဲတင်ပြနိုင်သည်။ နောက်ထပ်အသုံးပြုသည့် စာရွက်အရေအတွက်ကို ဖော်ပြပေးရမည်။

၅။ မှတ်ပုံတင်ပေးရန် လျှောက်ထားရာတွင် လျှောက်ထားသူတစ်ဦးထက်ပိုပါက မှတ်ပုံတင်ပေးရန်လျှောက်ထားချက်ကိုရုပ်သိမ်းရန် သဘောတူကြောင်း မှတ်ပုံတင်လျှောက်ထားသူများအားလုံး၏ သဘောတူညီချက်ကို ပူးတွဲတင်ပြရမည်။

**လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်**

၆။ လျှောက်လွှာပုံစံ (CR-4) ၏ အမှတ်စဉ် (၅) အကွက်တွင် အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရာတွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်က ရေးထိုးနိုင်ပြီး လက်မှတ်ရေးထိုးသူ၏ အမည်အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့် ရက်၊ လ၊ ခုနှစ်တို့ကို ပြည့်စုံစွာ ဖြည့်စွက်ပေးရမည်။ တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအနေဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ် ရေးထိုးသူ၏ရာထူးနှင့် အဖွဲ့အစည်း၏အမည်တို့ကိုပါ ဖော်ပြရမည်ဖြစ်ပြီး အဆိုပါလက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထား ပူးတွဲတင်ပြရမည်။

၇။ အီလက်ထရောနစ်နည်းဖြင့် လျှောက်ထားပါက မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန်မလိုဘဲ အီလက်ထရောနစ်ပုံစံပေါ်တွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏အမည်ကို ဖော်ပြရမည်။

၈။ လျှောက်လွှာပုံစံတွင် (*) ဖော်ပြထားသောအချက်များသည် မဖြစ်မနေဖြည့်စွက်ရမည့်အချက်များ ဖြစ်ပါသည်။ (*) အား နံပါတ်စဉ်၌ ဖော်ပြထားလျှင် အမှတ်စဉ်တစ်ခုလုံးတွင် ပါဝင်သည့်အချက်များကို မဖြစ်မနေ ဖြည့်စွက်ပေးရ မည်ဖြစ်သည်။

၉။ လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့် နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာ (CR-10) မိတ္တူအား ပူးတွဲ တင်ပြရမည်။

၁၀။ သက်ဆိုင်ရာစာရွက်စာတမ်းများအား လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

**မူပိုင်ခွင့်ဦးစီးဌာန**